# (၃၃)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည့်ရက် အသိပေးကြေညာခြင်း

ရက်စွဲ၊ ၂၀၂၄ခုနှစ် အောက်တိုဘာလ ( ၂ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏**(၃၃)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး**ကိုအောက်ပါ အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ် ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ( ၂၂)ရက် (တနင်္ဂနွေနေ့)**

**အစည်းအဝေးကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ**

**အစည်းအဝေးကျင်းပမည့်နေရာ - ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX)**

**အစည်းအဝေးကျင်းပမည့်ပုံစံ - ZOOM online meeting**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၃)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး**သို့ တက်ရောက် ရမည့် အစုရှယ်ယာများ နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Date to Trade)မှာ(၂၅.၁၀.၂၀၂၄) ရက်ဖြစ်ပြီး၊ ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ Record Date (၃၀.၁၀.၂၀၂၄) ရက်ဖြင့် ပေးပို့သည့် အစုရှယ်ယာရှင်များ စာရင်းကို အတည်ပြုသတ်မှတ်မည်ဖြစ်ပါသည်။ (၂၈.၁၀.၂၀၂၄) ရက်(Ex-date) မှ စတင်ဝယ်ယူမည့် အစုရှယ်ယာရှင်များသည် ယခုကျင်းပမည့်အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့် မရှိပါကြောင်း အသိပေးအပ်ပါသည်**။**

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကိုယ်စား ဆန္ဒမဲ ပေးနိုင်ရန်အခြားသူတစ်ဦးဦးကို **ကိုယ်စားလှယ် (Proxy)** လွှဲအပ်ပေးရန် ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့် ပုံစံကို ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် လည်းကောင်း ၊ ရန်ကုန်စတော့ အိပ်ချိန်း၏ Website " **https://ysx-mm.com** နှင့် ပထမပုဂ္ဂလိကဘဏ် Website **"www.firstprivatebank.com.mm**"တို့တွင် ရယူ နိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက် ရမည့် အစုရှယ်ယာအရေအတွက်သည် အစုရှယ်ယာအားလုံး၏ (၃၀%)(Quorum)ပြည့်မီရန် လိုအပ်ပါသဖြင့် အစုရှယ်ယာရှင်များမှ Zoom online Meeting ဖြင့်ကိုယ်တိုင် တက်ရောက်ပေးပါရန်နှင့် ကိုယ်တိုင် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာ(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ZOOM online Systemဖြင့်ကိုယ်တိုင်တက်ရောက်လိုသူများအတွက် အသေးစိတ်အစီအစဉ်အား ထပ်မံ ကြေညာပေး ပါမည်

ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့

FPB
First Private Bank

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## “ဖိတ်ကြားလွှာ”

ပထမပုဂ္ဂလိကဘဏ်၏

(၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို

အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန်

လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | Zoom Meeting (Online) |
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်၊ တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၀၀)နာရီ |

## အစည်းအဝေးအစီအစဉ်

၁။ အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးအထမြောက်ကြောင်းကြေညာခြင်း။

၂။ အစည်းအဝေးအစီအစဉ်များကို ဖတ်ကြားတင်ပြခြင်း။

၃။ သဘာပတိကြီးမှ အဖွင့်အမှာစကားပြောကြားခြင်း။

၄။ ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာများ ရွေးချယ်ခြင်းနှင့် ရွေးချယ်ခံရသည့် ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်းများကို ကြေညာခြင်း။

၅။ ဒါရိုက်တာအဖွဲ့၏၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို တင်ပြ အတည်ပြုခြင်း။

၆။ ပြင်ပစာရင်းစစ် V ADVISORY ၏စာရင်းစစ်စီရင်ခံစာကို တင်ပြအတည်ပြုခြင်း။

၇။ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက်ပြင်ပစာရင်းစစ်ခန့်ထားခြင်း။

၈။ သဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၉။ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း။

**မှတ်ချက်** (၁) အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်(၃၀-၁၀-၂၀၂၄)နေ့ရှိ ရန်ကုန်စတော့အိပ်ချိန်းမှ ပေးပို့သော အစုရှင်စာရင်းတွင် အစုရှယ်ယာပိုင်ဆိုင်ထားသူအစုရှင်များသာ အစည်းအဝေးတက်ရောက်နိုင်ပါသည်။

(၂) Zoom online ဖြင့် အစည်းအဝေးတက်ရောက်မည့်သူများကို အသေးစိတ် ထပ်မံကြေညာပေးပါမည်။

(၃) နှစ်ပတ်လည်အစီရင်ခံစာပါ အချက်များကို မေးမြန်းရန်ရှိပါက (၉-၁၂-၂၀၂၄) နေ့ထက်နောက်မကျဘဲ အမှုဆောင်အရာရှိချုပ်ထံလိပ်မူတပ်၍ ပေးပို့နိုင်ပါသည်။

## ပထမပုဂ္ဂလိကဘဏ်လီမိတက်

**ကိုယ်စားမဲပေးရန် ခန့်အပ်လွှာ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အစုရှင် ကျွန်ုပ် ဦး/ဒေါ်............................သည် ကျွန်ုပ်ကိုယ်စားဦး/ဒေါ်.......................................နိုင်ငံသားစိစစ်ရေးကတ်အမှတ် ......................................... အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နှင့် အခြားရွှေ့ဆိုင်းသည့် မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်ပါသည်။

**မှတ်ချက်** - ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို (၁၈-၁၂-၂၀၂၄)ရက်ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်(သို့မဟုတ်)နီးစပ်ရာ ဘဏ်ခွဲများသို့ပေးပို့ရမည်။

- အစည်းအဝေးအထမြောက်စေရန်အတွက် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန် အသိပေးအပ်ပါသည်။

လက်မှတ် ....................................................

အမည် ....................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ...............................

လိပ်စာ ...........................................................

Special Code (သို့) Security No. ..............................

ပိုင်ဆိုင်သည့်အစုအရေအတွက် (            )

နေ့စွဲ ၂၀၂၄ ခုနှစ်၊ လ၊ ရက်။

**မှတ်ချက်** ကိုယ်စားလှယ်လွှဲစာ တရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅၀/-(ငါးဆယ်ကျပ်)ကပ်ရပါမည်။